# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၃/ ၂၀၂၃)  ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၂၇) ရက်

| ၂၇-၇-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၃၃၇.၉ |
| စင်္ကာပူဒေါ်လာ | ၁၅၈၆.၅ |
| စတာလင်ပေါင် | ၂၇၂၀.၃ |
| ဂျပန်ယန်း (၁၀၀) | ၁၄၉၇.၅ |
| တရုတ်ယွမ် | ၂၉၃.၈၉ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၁၉ |
| အိန္ဒိယရူပီး | ၂၅.၆၃၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၄.၀၈ |
| မလေးရှား ရင်းဂစ် | ၄၆၄.၄၀ |
| ဖိလစ်ပိုင်ပီဆို | ၃၈.၄၇၈ |
| ထိုင်းဘတ် | ၆၁.၆၀၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၈၇၃၁ |


လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဘာစမာတီ မဟုတ်သည့် ဆန်ဖြူတင်ပို့မှုကို အိန္ဒိယ တားမြစ်ပိတ်ပင်

➢ အိန္ဒိယနိုင်ငံ၏ စားသောက်ဆိုင်များတွင် ဈေးနှုန်းကြီးမြင့်သည့် ပဲစဉ်းငုံကို အခြားသော ပဲများနှင့် အစားထိုးနိုင်ရန် ဆောင်ရွက်လာသကဲ့သို့ ပဲနီလေး တင်သွင်းမှုမှာ တိုးတက်လျက်ရှိ

➢ မုတ်သုံရာသီ ပုံမှန်မိုးရွာသွန်းမှုရှိသော်လည်း အိန္ဒိယ လယ်ယာစိုက်ပျိုးရေး သမားများ စိုးရိမ်လျက်ရှိ

➢ ရုရှားနိုင်ငံ၌ ဆန်ဈေးသည် ၁ နှစ်ခွဲအတွင်း ၂၀-၃၀ ရာခိုင်နှုန်းမြင့်တက်

- **အထွေထွေသတင်းများ**

➢ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် (၁၀)နှစ်တာကာလအတွင်း တရုတ်နှင့် ဘာရှုနိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုကို မြင့်တက်စေခဲ့

➢ ဒေသတွင်းကုန်သွယ်မှုများ တိုးတက်လာခြင်းကြောင့် အရှေ့တောင်အာရှ တွင် တရုတ်အစားအစာများကို ပိုမိုစားသုံးလာ

➢ ရုရှား၏ သွင်းကုန်အများစုသည် အာရှ၊ အရှေ့အလယ်ပိုင်း၊ လက်တင် အမေရိကနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထုတ်လုပ်နေခြင်းဖြစ်

➢ ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှု အခွန်ကောက်ခံခြင်းမှ ရုရှားရူဘယ် ၈ ထရီလီယံကျော် ရရှိနိုင်ကြောင်း ရုရှားဘဏ္ဍာရေးဝန်ကြီးပြောကြား

## ဘာစမာတီ မဟုတ်သည့် ဆန်ဖြူတင်ပို့မှုကို အိန္ဒိယ တားမြစ်ပိတ်ပင်

အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သည့် ဆန်ဖြူတင်ပို့မှုကို တားမြစ်သည့် အမိန့်ကြေငြာစာကို ကြာသတေးနေ့ကထုတ်ပြန်ခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

သို့ရာတွင် ယခုကြေငြာချက်မတိုင် သင်္ဘောတင်ဆောင်မှုများစတင်နေခြင်း ကဲ့သို့သောဆောင်ရွက်နေဆဲအခြေအနေများတွင် ဆန်တင်ပို့မှုများကို ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုတားမြစ်ချက်သည် အိန္ဒိယနိုင်ငံဆန်တင်ပို့မှု၏ ၈၀ ရာခိုင်နှုန်းခန့်အား သက်ရောက်မှုရှိနိုင် မည်ဖြစ်ကြောင်းနှင့် အိန္ဒိယပြည်တွင်းဆန်ဈေးနှုန်းကို ကျဆင်းစေနိုင်သော်လည်း ကမ္ဘာ့ဆန်ဈေးကွက်ကိုမူ ပြောင်းပြန်အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ဆန်အဓိက စိုက်ပျိုးထွက်ရှိသည့် ဒေသများတွင် ပုံမှန်မိုးရွာသွန်းမှုမရှိသဖြင့် ပြီးခဲ့သည့် ၁၀ ရက်အတွင်း ဆန်ဈေးနှုန်းမှာ ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါကြောင်း The Economic Times က ဖော်ပြထားပါသည်။

ယခုတစ်ပတ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုမှာ ဆယ်စုနှစ် တစ်ခုကျော်ကာလအတွင်း အများဆုံးအနေအထားသို့ မြင့်တက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ရောင်းအားကောင်းလာခြင်းမှာ အယ်နီညို ရာသီဥတုပုံစံကြောင့်ဖြစ်ကြောင်း၊ အခြားတစ်ဘက်တွင်အိန္ဒိယသည် အယ်နီညိုကြောင့် ယခုကဲ့သို့ ဆန်တင်ပို့မှု ပိတ်ပင်ခြင်းဖြစ်သည်ဟု ရိုက်တာ သတင်းဌာနကလည်း ဖော်ပြထားကြောင်းနှင့် ယခုကဲ့သို့ ဆန်တင်ပို့မှုတားမြစ်ခြင်းသည် ကမ္ဘာ့ဆန်ဈေးနှုန်းကို ပိုမိုမြင့်တက်စေမည်ဟု ဆန်ကုန်သည်များက ပြောကြားထားပါကြောင်းသိရှိရပါသည်။

ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်သည့် အိန္ဒိယသည် ဆန်ထွက်ရှိမှုအပေါ်စိုးရိမ်သည့်အတွက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလလယ်တွင် ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်ခဲ့ပြီး ပြည်ပတင်ပို့သည့်ဆန်အမျိုးအစားများစွာအပေါ်တွင်လည်း အခွန် ၂၀ ရာခိုင်နှုန်း ကောက်ခံခဲ့ကြောင်း သိရှိရပါသည်။

ဆန်တင်ပို့သူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ B.V. Krishna Rao က အစိုးရ၏ စပါးဝယ်ယူမှု ဈေးနှုန်းတိုးမြှင့်လိုက်ခြင်းသည် ဆန်ဈေးနှုန်းကို မြင့်တက်စေသည့် အကြောင်းအရင်းတစ်ရပ် ဖြစ်ပါကြောင်း၊ သို့ရာတွင် အစိုးရသည် ပြည်သူလူထု သက်သာချောင်ချိရေးအစီအမံအတွက် လိုအပ်သည့် ပမာဏထက် ဆန်ကိုပိုမိုဝယ်ယူသိုလှောင်ထားပါကြောင်းနှင့်ဆန်တင်ပို့မှုပိတ်ပင်ရန် လိုအပ်ခြင်း မရှိဟု ရိုက်တာသတင်းဌာနသို့ ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယ၏ ဆန်တင်ပို့မှုဈေးနှုန်းသည် ၇ ပတ် ဆက်တိုက်တိုးမြင့်ရရှိခဲ့ပါကြောင်းနှင့် နိုင်ငံအနေဖြင့် ငွေကြေးဖောင်းပွမှုကို ဟန့်တားရန်အတွက် ဆန်အမျိုးအစားများစွာ တင်ပို့မှုအား တားမြစ်ပိတ်ပင်ရန် စဉ်းစားနေသည်ဟု သတင်းများထွက်ပေါ်လာပြီးနောက် ဆန်ရောင်းချမှုလျော့နည်း

Agribusiness & Trade

လာသည့် ပြီးခဲ့သည့်အပတ်တွင် ဆန်စျေးနှုန်းမှာ ၅ နှစ်အတွင်း အမြင့်ဆုံးစျေးနှုန်းသို့ ရောက်ရှိခဲ့ကြောင်းသိရှိရပါသည်။

အိန္ဒိယ၏ ဘာစမာတီဆန်မှ အပ ဆန်မျိုးစုံတင်ပို့မှုအား ပိတ်ပင်လိုက်ခြင်းသည် ကမ္ဘာ့ဆန်စျေးကွက်ကို ကြီးမားစွာရိုက်ခတ်မှုများရှိလာနိုင်သကဲ့သို့ မြန်မာနိုင်ငံမှ ဆန်များ ပြည်ပစျေးကွက်ပိုမိုရရှိရန်အတွက် အခွင့်အလမ်းကောင်းဖြစ်ပါသည်။ သို့ရာတွင် ပြည်တွင်းစိုက်ပျိုးထွက်ရှိမှုအခြေအနေနှင့် စားနပ်ရိက္ခာဖူလုံရေးကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

Source: India bans export of non-basmati white rice, The Economic Times,
မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

……………………………………………………………

## အိန္ဒိယနိုင်ငံ၏ စားသောက်ဆိုင်များတွင် စျေးနှုန်းကြီးမြင့်သည့် ပဲစဉ်းငုံကို အခြားသော ပဲများနှင့် အစားထိုးနိုင်ရန် ဆောင်ရွက်လာသကဲ့သို့ ပဲနီလေး တင်သွင်းမှုမှာ တိုးတက်လျက်ရှိ

အိန္ဒိယနိုင်ငံရှိ စားသောက်ဆိုင်များတွင် ပဲဟင်းချက်ရာ၌ အဓိက အသုံးပြုသည့် ပဲစဉ်းငုံအစား စျေးနှုန်းသက်သာသည့် ပဲဖြင့် အစားထိုးအသုံးပြုရန် ဆောင်ရွက်လာသဖြင့် ပဲနီလေးတင်သွင်းမှုမှာ တစ်ဟုန်ထိုး မြင့်တက်လာကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အရသာနှင့် အနေအထားတွင် ပဲစဉ်းငုံနှင့် နှိုင်းယှဉ်နိုင်ပြီး စျေးနှုန်းတွင် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ သက်သာသော ပဲနီလေးသည် ပဲစဉ်းငုံအား အစားထိုးအသုံးပြုရန် ရေပန်းစားနေပါကြောင်း၊ စားသောက်ဆိုင်များတွင် စားသုံးရာ၌ ပုံမှန်စားသုံးနေကြဖြစ်သော ပဲစဉ်းငုံနှင့် ချက်ပြုတ်ထားသည့် ပဲဟင်းအစား ပဲနီလေးကို အပြည့်အဝ (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းရောစပ်ထားသည့် ပဲဟင်း ဖြစ်နိုင်ခြေ ရာခိုင်နှုန်းများပါကြောင်း၊ ပဲစဉ်းငုံစျေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၁၅၀ မှ ၂၀၀ အကြား ရှိသဖြင့် စားသောက်ဆိုင်များအနေဖြင့် ပဲဟင်းချက်ရာတွင် ပဲစဉ်းငုံ အစား ပဲနီလေးနှင့် ပဲဝါလေးများကို အစားထိုးအသုံးပြုရန် စဉ်းစားလာကြပါကြောင်းနှင့် ပဲနီလေးကို အိန္ဒိယပြည်တွင်း၌ ၂၅ ရာခိုင်နှုန်း ပိုမိုတိုးမြှင့် စိုက်ပျိုးလျက်ရှိသော်လည်း ပြည်ပမှ တင်သွင်းမှုမှာလည်း တိုးမြှင့်လာနိုင်ကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံတွင် ပဲနီလေး ပြည်တွင်းထုတ်မှုတိုးတက်လျက်ရှိသော်လည်း စျေးနှုန်းကြီးမြင့်သည့် ပဲစဉ်းငုံထက်စျေးနှုန်းချိုသာသော ပဲနီလေးကို ပိုမိုနှစ်သက်လာကြသဖြင့် လက်ရှိဘဏ္ဍာနှစ်

Agribusiness Trade

တွင် ပြည်ပမှ ပိုမိုဝယ်ယူတင်သွင်းလာနိုင်ကြောင်းနှင့် အိန္ဒိယနိုင်ငံ၏ ပဲနီလေး တင်သွင်းမှုမှာ ၁၅ နှစ်အတွင်းပိုမိုများပြားလာပါကြောင်း၊ အိန္ဒိယသည် ပဲနီလေးကို သြစတြေးလျ၊ ကနေဒါနှင့် ရုရှားနိုင်ငံတို့မှ အဓိကတင်သွင်းပါကြောင်းနှင့် ပြီးခဲ့သည့် ၁၀ စုနှစ် တစ်ခုခန့်က ပဲနီလေးကြိတ်ခွဲ သန့်စင်သည့်စက်ရုံသည် မွန်ဘိုင်းတွင် ၂ ခုခန့်သာရှိခဲ့ရာမှ ယခုအခါ ၁၀ ခု၊ ၁၂ ခု ခန့် ရှိပြီဟု ပဲမျိုးစုံတင်သွင်းသည့် Satish Upadhyay ကပြောကြားထားကြောင်း သိရှိရပါသည်။

တမီးနဒူး (Tamil Nadu) ပြည်နယ်အစိုးရကလည်း ပြည်နယ်ရှိ ပြည်သူများအတွက် အထောက်အပံ့ပေးမည့် အစီအမံအတွက် ပဲမျိုးစုံဝယ်ယူရေး နောက်ဆုံးတင်ဒါခေါ်ယူရာတွင် ဝယ်ယူလိုသောစာရင်း၌ ပဲစဉ်းငုံ ပမာဏကိုလျှော့ချခဲ့ပြီး ပဲဝါလေးပမာဏကို တိုးမြှင့်အဆိုပြုခဲ့ပါကြောင်းနှင့် စားသောက်ဆိုင်အများစုတွင် ပဲစဉ်းငုံအစားထိုးရန်အတွက် ပဲနီလေးကို အသိအမှတ်ပြုလက်ခံထားကြကြောင်း တမီးနဒူး ပြည်နယ်မှ ပဲမျိုးစုံတင်သွင်းသူ Ajay Goyal က ပြောကြားထားပါသည်။

အိန္ဒိယ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (Indian Pulses and Grains Association – IPGA) ၏ အချက်အလက်များအရ ပဲစဉ်းငုံဈေးနှုန်းကြီးမြင့်မှုသည် ဝယ်လိုအားကို ကျဆင်းစေခဲ့ပြီး စားသုံးသူများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များသည် ပဲနီလေး၊ ကုလားပဲများကို ပြောင်းလဲ အသုံးပြုလျက်ရှိသည်ဟု သိရှိရကြောင်း The Economic Times သတင်းစာတွင်ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိက ပဲဈေးကွက်ဖြစ်ပြီး စားသုံးသူအလေ့အထ ပြောင်းလဲခြင်းနှင့် အစိုးရ၏ ပဲတင်သွင်းမှုမူဝါဒ အပြောင်းအလဲများသည် မြန်မာ့ပဲဈေးကွက်ကို ကြီးမားစွာသက်ရောက်မှုရှိနိုင်သဖြင့် စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်တင်ပါကြောင်း တင်ပြအပ်ပါသည်။

Source: India’s masoor imports to surge as restaurants look for alternatives to replace expensive arhar, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Agribusiness & Trade

**မှတ်သုံရာသီ ပုံမှန်မိုးရွာသွန်းမှုရှိသော်လည်း အိန္ဒိယ**
**လယ်ယာစိုက်ပျိုးရေးသမားများ စိုးရိမ်လျက်ရှိ**

အယ်နီညိုကြောင့် ယခုနှစ်တွင် မိုးရွာသွန်းမှုလျော့နည်းနိုင်သော်လည်း အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီစတင်သည့် ဇွန်လ ၁ ရက်နေ့မှ စတင်ပြီး မိုးရွာသွန်းမှုမှာ ပုံမှန်အတိုင်းဖြစ်ပါကြောင်း၊ မုတ်သုံရာသီဝင်ရောက်မှု အနည်းငယ်နောက်ကျခဲ့သဖြင့် ဇွန်လအလယ်တွင် မိုးရွာသွန်းမှုမှာ ပုံမှန်ထက်များစွာလျော့နည်းခဲ့သော်လည်း ပြီးခဲ့သည့် အပတ်ကမိုးအမြောက်အများရွာသွန်းခဲ့သဖြင့် ပုံမှန်

အခြေအနေဟု ပြောဆိုနိုင်ပါကြောင်းနှင့် မုတ်သုံရာသီတွင် ပုံမှန်မိုးရွာသွန်းမှုများသည် ယေဘူယျအားဖြင့် အိန္ဒိယတောင်သူလယ်သမားများအတွက် ကောင်းမွန်သည်ဟုဆိုနိုင်သော်လည်း ယခုနှစ်တွင်ပြည်နယ်များ၌ မိုးရွာသွန်းမှု မညီမျှမှုများကြောင့် စိုးရိမ်မှုများဖြစ်ပေါ်နေကြောင်း The Economic Times သတင်းစာတွင်ဖော်ပြထားပါ သည်။

အိန္ဒိယနိုင်ငံတွင် အချို့သောအနောက်ပိုင်းပြည်နယ်များနှင့် အနောက်မြောက်ပိုင်းပြည်နယ်များတွင် မိုးရွာသွန်းမှုမှာ ပုံမှန်ထက်ပိုမိုများပြားပြီး အရှေ့ပိုင်းဒေသများတွင်မူ မိုးရွာသွန်းမှုလျော့နည်းသဖြင့် ပုံမှန်မဟုတ်ဘဲ ခြောက်သွေ့လျက်ရှိကြောင်း သိရှိရပါသည်။ အိန္ဒိယ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ အချက်အလက်များအရ နိုင်ငံ၏ သုံးပုံတစ်ပုံခန့်သာ ပုံမှန်မိုးရွာသွန်းမှုကို ရရှိသော်လည်း ၃၄ ရာခိုင်နှုန်းခန့်မှာ ပုံမှန်မိုးရွာသွန်းမှုထက်လျော့နည်း၍ ကျန် ၃၂ ရာခိုင်နှုန်းခန့်မှာ ပုံမှန်ထက်မိုးပိုမိုရွာသွန်းထားကြောင်း သိရှိရပါသည်။ ဟာရာန၊ ပန်ဂျပ်၊ ဂူဂျာရတ်၊ ဟိမာခါ (Himachal)၊ ပရာဒက်ရှ် (Pradesh)၊ ရာဂျစ်စတန် (Rajasthan) ပြည်နယ်များတွင် ယခုနှစ် မိုးရာသီ၌ ပုံမှန်ထက်နှစ်ဆနီးပါး မိုးရွာထားပြီး Jharkhand၊ ဘီဟာ (Bihar)၊ Telangana ၊ Chhattisgarh ၊ Kerala ပြည်နယ်များတွင် ပုံမှန်ထက် မိုးရွာသွန်းမှု ၄၁ ရာခိုင်နှုန်း လျော့နည်းလျက်ရှိကြောင်း သိရှိရပါသည်။

မုတ်သုံရာသီဝင်ရောက်မှုနောက်ကျခဲ့သော်လည်း ပြီးခဲ့သည့် နှစ်ပတ်အတွင်း မိုးရွာသွန်းမှုများကြောင့် ဆန်၊ ဝါ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် နံ့စားသီးနှံ စိုက်ပျိုးမှုများမှာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာကြပါကြောင်း၊ သို့ရာတွင်ပြီးခဲ့သည့်နှစ် သီးနှံစိုက်ပျိုးမှုအနေအထားထက် များစွာလျော့နည်းနေပါကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပန်ဂျပ်၊ ဟာရာန၊ ဟိမာခါ (Himachal) ပရာဒက်ရှ် (Pradesh)နှင့် Uttar Pradesh ကဲ့သို့သော မြောက်ပိုင်းပြည်နယ်များတွင် စပါးပျိုးပင်ပေါက်များ ပျက်ဆီးခဲ့ပြီး ပြန်လည်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ အခြားတစ်ဘက်တွင်လည်း Maharashtra, Telangana, Ahdhra Pradesh, Chhattisgarh, Bihar နှင့် West Bengal စသည့် ပြည်နယ်များတွင် မိုးရွာသွင်းမှုလျော့နည်းသဖြင့် ဆန်၊ ပြောင်း၊ ဝါ၊ ပဲပိစပ်၊ မြေပဲနှင့် ပဲမျိုးစုံစိုက်ပျိုးမှုများမှာ နှောင့်နှေးကြံ့ကြာနေပါကြောင်း၊ သကြားအများဆုံး စိုက်ပျိုးထွက်ရှိသည့် ပြည်နယ်များဖြစ်သည့် Mahara–shtra နှင့် Karnataka ပြည်နယ်များမှ သကြားစိုက်ပျိုးသူ တောင်သူများကလည်း ကြံ ကြီးထွားရန်အရေးကြီးသည့် ကာလအတွင်း မိုးရွာသွန်းမှုလျော့နည်းပါက သကြားထွက်ရှိမှု ထိခိုက်လျော့နည်းမည်ကို စိုးရိမ်နေကြကြောင်း သိရှိရပါသည်။

မိုးရွာသွန်းမှု မမျှတမှုကြောင့် သိသာထင်ရှားစွာ ထိခိုက်မှုရှိသည့် သီးနှံများမှာ ဆန်၊ ဟင်းသီးဟင်းရွက်နှင့် ပဲမျိုးစုံတို့ဖြစ်ကြပါကြောင်း၊ မြောက်ပိုင်းပြည်နယ်များရှိ စပါးခင်းများသည် ရက်သတ္တပတ်တစ်ပတ်ကျော် ရေမြုပ်ခဲ့ပြီး ပျိုးပင်ပေါက်များမှာ ပျက်ဆီးဆုံးရှုံးခဲ့ပါကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးသမားများအနေဖြင့် စပါးပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ရေလျော့သွားမည့်အချိန်ကို စောင့်

Agribusiness & Trade

နေကြပါကြောင်း၊ အနောက်ဘန်ဂေါ၊ ဘီဟာ၊ Chhattisgarh၊ Andhra Pradesh နှင့် Telangana ပြည်နယ်များအပါအဝင် စပါးအဓိကစိုက်ပျိုးသည့် ပြည်နယ်များတွင် လယ်သမားများအနေဖြင့် ပျိုးပင်များကို အသင့်ပြင်ဆင်ဆောင်ရွက်ထားသော်လည်း စပါးစိုက်ပျိုးရန် လုံလောက်သည့် မိုးရွာသွန်းမှုမရရှိသည့်အတွက် စိုက်ပျိုးနိုင်ခြင်းမရှိသေးပါကြောင်း၊ အိန္ဒိယအစိုးရက စပါးဝယ်ယူမှု အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ချက်ကို တိုးမြှင့်ပေးထားသဖြင့် စပါးစိုက်ဧက ပိုမိုများပြားလာရန် မျှော်လင့်ထားသော်လည်း ယခုနှစ်တွင် စပါးစိုက်ဧက အနည်းငယ်လျော့နည်းမည်ဟု စိုက်ပျိုးရေးကဏ္ဍမှ အရာရှိများက ခန့်မှန်းထားပါကြောင်း၊ ယခုအချိန်ထိ လယ်သမားများ၏ စပါးစိုက်ပျိုးထားရှိမှု ဧကမှာ ၂၀၂၂ ခုနှစ်ထက် ၆ ရာခိုင်နှုန်း လျော့နည်းကြောင်း သိရှိရပါသည်။

ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ငရုတ်ပွနှင့် ဟင်းနုနယ်ရွက်ကဲ့သို့သော ဟင်းသီးဟင်းရွက်များမှာ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများရှိပါကြောင်း၊ အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ နှံစားသီးနှံများမှာလည်း ရေကြီးခြင်းကြောင့် ပျက်ဆီးဆုံးရှုံးသကဲ့သို့ တောင်ပိုင်းပြည်နယ်များတွင်လည်း မိုးရွာသွန်းမှုနည်းပါးသဖြင့် စိုက်ပျိုးမှုများ နောက်ကျနေပါကြောင်းနှင့် အကျိုးရလဒ်အနေဖြင့် ခရီးချဉ်သီးအပါအဝင် တစ်ချို့သော ဟင်းသီးဟင်းရွက်များမှာ စံချိန်တင်ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

သက်သတ်လွတ်စားသည့် အိန္ဒိယနိုင်ငံသားများအတွက် ပရိုတင်းဓါတ် အဓိကရရှိသည့် ပဲမျိုးစုံစိုက်ပျိုးမှုမှာလည်း နှောင့်နှေးကြန့်ကြာနေပါကြောင်း၊ ပဲမျိုးစုံ စိုက်ပျိုးမှုနောက်ကျခြင်းသည် သီးနှံအထွက်နှုန်းကို ပုံမှန်ထက်လျော့နည်းမှုများ ဖြစ်လာနိုင်ပါကြောင်း၊ ယခုအချိန်ထိ ပဲမျိုးစုံ စိုက်ပျိုးမှုမှာ ယခင်နှစ်ထက် ၁၃ ရာခိုင်နှုန်း လျော့နည်းနေပါကြောင်းနှင့် ပဲပိစပ်နှင့် ဝါစိုက်ပျိုးမှုများမှာ ယခင်နှစ်ထက် ၂ ရာခိုင်နှုန်းနှင့် ၁၂ ရာခိုင်နှုန်း အသီးသီးလျော့နည်းလျက်ရှိသည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

ဇူလိုင်လလယ်နောက်ပိုင်းမှ စိုက်ပျိုးသည့်သီးနှံများသည် ပုံမှန်အားဖြင့် အထွက်နှုန်းလျော့နည်းမည်ဖြစ်ပါကြောင်း၊ စက်တင်ဘာလလယ်ရောက်ပါက အိန္ဒိယနိုင်ငံ၏ ဒေသအများစုတွင် အပူချိန်စတင်မြင့်တက်လာမည်ဖြစ်ပါကြောင်းနှင့် ၎င်းသည် နောက်ကျစိုက်ပျိုးသည့် ကောက်ပဲသီးနှံများ၏ အသီးအပွင့်များကိုထိခိုက်စေမည်ဖြစ်ကြောင်း၊ မိုးဇလဌာန၏ ခန့်မှန်းချက်များအရ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အယ်နီညိုကြောင့် မိုးရွာသွန်းမှု လျော့နည်းမည်ဖြစ်ပါကြောင်းနှင့် ယင်းအချိန်သည် သီးနှံများများ အရွယ်ရောက်သည့် အချိန်ဖြစ်ပြီး အစိုဓါတ်နှင့် ရေငွေ့များ လုံလောက်စွာ ရရှိရန်လိုအပ်သည့်အချိန်ဖြစ်ပါကြောင်း၊ ထိုကာလအတွင်း မိုးရွာသွန်းမှု လျော့နည်းပါက သီးနှံအထွက်နှုန်းကိုလည်း ထိခိုက်စေမည်ဖြစ်ကြောင်း The Economic Times သတင်းစာက သုံးသပ်ထားပါသည်။

Agribusiness & Trade

နွေသီးနှံစိုက်ပျိုးမှုနောက်ကျခြင်းသည် ရိတ်သိမ်းသည့်အချိန်ကိုလည်း နောက်ကျစေမည်ဖြစ်ကြောင်း၊ ထို့အတူ ဆောင်းသီးနှံများဖြစ်သည့် ဂျုံ၊ မုံညင်း၊ ကုလားပဲ ကဲ့သို့သော သီးနှံစိုက်ပျိုးမှုများကို နောက်ကျစေမည်ဖြစ်ပါကြောင်း၊ ဆောင်းသီးနှံများအတွက် အအေးဓာတ်သည် အရေးကြီးပါကြောင်း၊ သို့ရာတွင် ပြီးခဲ့သည့် နှစ်အနည်းငယ်က ပုံမှန်ထက်မြင့်မားသည့် အပူချိန်များကြောင့် ဂျုံနှင့် မုံညင်းထွက်ရှိမှုကို လျော့နည်းစေခဲ့ပါကြောင်းနှင့် ယင်းနှစ်များတွင် အိန္ဒိယသည် ဂျုံဈေးနှုန်းကို ထိန်းချုပ်နိုင်ရန် ရုန်းကန်ခဲ့ရပါကြောင်း၊ လာမည့်ရာသီတွင် ဂျုံထွက်ရှိ မှုနည်းပါးခြင်းသည့် အထက်ပါ ဈေးနှုန်းထိန်းချုပ်ရေး ကြိုးစားမှုအပေါ် ပိုမိုခက်ခဲစေမည်ဖြစ်ပါကြောင်း၊ မုန်ညင်းအထွက်နှုန်းလျော့နည်းမှုသည်လည်း သီးနှံဆီတင်သွင်းမှုလိုအပ်ချက်ကို ပိုမိုမြင့်မားစေမည်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ်၌ ရာသီဥတုပြောင်းလဲမှုများကြောင့် သီးနှံအထွက်နှုန်းလျော့နည်းပြီး အခြေခံစားသောက်ကုန်နှင့် ခရမ်းချဉ်သီးကဲ့သို့သော ဟင်းသီးဟင်းရွက်အချို့၏ ဈေးနှုန်းမှာ အဆမတန်မြင့်မားလျက်ရှိပါသည်။ အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲမှာလည်း မကြာခင်ကာလတွင် ကျင်းပရန်ရှိရာ လက်ရှိအစိုးရတာဝန်ရှိသူများက ယင်းကာလမတိုင်မီ ငွေကြေးဖောင်းပွမှုများကြောင့် အနှောင့်အယှက်များမဖြစ်ပေါ်စေရေးအတွက် ပြည်တွင်း ကုန်ဈေးနှုန်းကို ထိန်းချုပ်နိုင်ရန်အတွက် ဆန်နှင့် ဂျုံကဲ့သို့သော အခြေခံစားသောက်ကုန်များကို ပြည်ပတင်ပို့မှု ပိတ်ပင်နိုင်ကြောင်း တစ်ချို့သော သတင်းမီဒီယာများက သုံးသပ်တင်ပြနေသည်ကိုတွေ့ရှိရပါသည်။ ယခုအချိန်တွင် အိန္ဒိယနိုင်ငံတွင် ဆန်နှင့် ပဲမျိုးစုံ စိုက်ပျိုးနိုင်မှုအခြေအနေနှင့် အထွက်နှုန်း အနေအထားကို အတိအကျ မသိရှိနိုင်သေးသော်လည်း ယင်းကဏ္ဍသည် မြန်မာနိုင်ငံ အဓိကပို့ကုန်များဖြစ်ပြီး ဈေးကွက်အပေါ်သက်ရောက်မှုများရှိနိုင်သဖြင့် စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့် သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source: Why India farmers worry despite average monsoon rains, The Economic Times,
မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

..........................................................................................................

## ရုရှားနိုင်ငံ၌ ဆန်ဈေးသည် ၁ နှစ်ခွဲအတွင်း ၂၀-၃၀ ရာခိုင်နှုန်းမြင့်တက်

ရုရှားတွင်ထုတ်လုပ်ခြင်းမရှိဘဲ ပြည်ပမှ တင်သွင်းနေရသည့် ဆန်လုံးရှည်(Long-grain rice) သည် လွန်ခဲ့သည့် ၁ နှစ်ခွဲအတွင်း ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ ဈေးတက်လာခဲ့ကြောင်း ရုရှားကောက်ပဲသီးနှံသမဂ္ဂဥက္ကဋ္ဌ Mr. Arkady Zlochevsky က TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

Agribusiness & Trade

ရုရှားနိုင်ငံသားများသည် နှစ်စဉ် ဆန်တန်ချိန် ၁ သန်း စားသုံးကြပြီး ထိုအထဲမှ တန်ချိန် ၂၀၀,၀၀၀ ခန့်သည် ဆန်လုံးရှည်များဖြစ်ကြောင်း သမဂ္ဂအကြီးအကဲက ပြောကြားသည်။ ရုရှားနိုင်ငံ၌ ဆန်လုံးတို(round – grain rice)သည် ပြည်တွင်းစားသုံးရန်အတွက်သာမက ပြည်ပသို့ တင်ပို့ရန်အတွက်ပါ လုံလောက်မှုရှိကြောင်း၊ ဆန်လုံးတို ထုတ်လုပ်နိုင်မှုသည် ၂၀၂၃ ခုနှစ်တွင် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက တိုးလာမည်ဖြစ်ကြောင်း ၎င်းမှ ဆက်လက် ပြောကြားသည်။

ပြီးခဲ့သည့်ရာသီတွင် ဆန်ထုတ်လုပ်မှုသည် တန်ချိန် ၁.၂ သန်းမှ တန်ချိန် ၉ သိန်း ဝန်းကျင်သို့ ကျဆင်းခဲ့ပြီး ယခုရာသီတွင် ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ဆန်တန်ချိန် ၁.၁ သန်းခန့် အထိ ထုတ်လုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း Zlochevsky မှ သုံးသပ်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအတွင်း၌ ဆန်လုံးတိုသည် ပြည်တွင်းစားသုံးရန်အတွက်သာမက ပြည်ပသို့ တင်ပို့ရန်အတွက်ပါ အလုံအလောက်ရှိသော်လည်း ဆန်လုံးရှည်သည် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိကြောင်း သိရှိရပါသည်။ ရုရှားနိုင်ငံသို့ ဆန်လုံးရှည် အဓိကတင်ပို့လျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

Source : https://tass.ru/ekonomika/18362805

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

.....................................................................................................

## ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် (၁၀)နှစ်တာကာလအတွင်း တရုတ်နှင့် ဘရူနိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုကို မြင့်တက်စေခဲ့

ပုစွန်၊ ဖရဲသီးနှင့် ရေထွက်ကုန်များ တင်ဆောင်ထားသည့် ကွန်တိန်နာသင်္ဘောတစ်စီးသည် ဘရူနိုင်းနိုင်ငံ Muara ဆိပ်ကမ်းမှ ထွက်ခွာလာပြီး တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Qinzhou ဆိပ်ကမ်းသို့ ဦးတည်ထွက်ခွာလာခဲ့ကြောင်း၊ ထို့နောက် အဆိုပါပစ္စည်းများကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်းသို့ ရထားဖြင့် ပို့ဆောင်ရောင်းချမည်ဖြစ်ကြောင်း ရှင်းဟွာသတင်း၌ ဖော်ပြထားပါသည်။

Muara ဆိပ်ကမ်းသည် ဘရူနိုင်းနိုင်ငံ၏ အကြီးဆုံးဆိပ်ကမ်းဖြစ်ပြီး တရုတ်နိုင်ငံ၊ ဘေဘူပင်လယ်ကွေ့ရှိ Qinzhou ဆိပ်ကမ်းသည် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဖလှယ်မှုအတွက် အချက်အချာကျသည့်ဆိပ်ကမ်းဖြစ်ကြောင်း သိရှိရပါသည်။

ယခင်က ဆိပ်ကမ်းနှစ်ခုကြား ကုန်ပစ္စည်းများကို တတိယဆိပ်ကမ်းမှတစ်ဆင့် လွှဲပြောင်းသယ်ဆောင်ရပြီး အချိန်နှစ်ပတ်မှ သုံးပတ် သို့မဟုတ် ထိုထက်ပို၍ကြာနိုင်ပါကြောင်း၊ ယခုအခါ

တိုက်ရိုက်ကွန်တိန်နာသင်္ဘောလမ်းကြောင်းကြောင့် သယ်ယူပို့ဆောင်ချိန် တစ်ပတ်မျှသာကြာမြင့်သဖြင့် ကုန်ကျစရိတ်များကို (၃၀)% လျှော့ချနိုင်ခဲ့ကြောင်း Guangxi Beibu Gulf International Port Group Co., Ltd မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နှင့် ဘရူနိုင်းတို့သည် ရှေးယခင်ကပင် ကူးလူးဆက်ဆံမှုများရှိခဲ့ပြီး ရှေးခေတ်ရေကြောင်းပိုးလမ်းမကြီးသည် နှစ်နိုင်ငံစလုံးအတွက် အဓိကကုန်သွယ်မှုလမ်းကြောင်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative)ကို အကောင်အထည်ဖော်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားသစ်များ ဖြစ်ပေါ်စေခဲ့ကြောင်းနှင့် တရုတ်နှင့် ဘရူနိုင်းတို့ကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ဖလှယ်မှုများတွင် တွန်းအားအသစ်များ ဖြစ်စေခဲ့ကြောင်း သိရှိရပါသည်။

Guangxi Beibu Gulf International Port Group Co., Ltd. နှင့် Brunei's Darussalam Assets တို့သည် ၂၀၁၇ ခုနှစ်တွင် ဖက်စပ်လုပ်ငန်းတစ်ခုကို တည်ထောင်၍ စုစုပေါင်း ရင်းနှီး မြှုပ်နှံမှုယွမ် (၁.၀၃)ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄၄ သန်းခန့်)ရှိသည့် Muara ဆိပ်ကမ်း container terminal နှင့် bulk cargo terminal ကို တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။

Muara ဆိပ်ကမ်းသည် ၂၀၂၂ ခုနှစ်တွင် ကုန်တန်ချိန် (၁.၅၅)သန်းကျော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခင်နှစ်ထက် (၂၀.၀၃)% တိုးလာ၍ ၎င်း၏ လုပ်ငန်းလည်ပတ်မှုဝင်ငွေသည် ၂၀၁၇ ခုနှစ်ထက် နှစ်ဆတိုးလာခဲ့ကြောင်း၊ ဆိပ်ကမ်းရှိ ဒေသခံဝန်ထမ်းများ အရေအတွက်သည် ၂၀၁၇ ခုနှစ်တွင် (၁၂၀)ဦးသာရှိခဲ့ရာမှ လက်ရှိတွင် (၂၆၀)ဦးသို့ တိုးလာခဲ့ပြီး လုပ်သားအင်အား၏ (၉၆)% ကျော်မှာ ဒေသခံများဖြစ်ကြောင်း သိရှိရပါသည်။

Muara ဆိပ်ကမ်းနှင့် အနီးတစ်ဝိုက်ရှိ ဆိပ်ကမ်းများအကြားပြေးဆွဲသည့် သင်္ဘောလိုင်း အရေအတွက်သည် (၆)ခုမှ (၁၀)ခုအထိ တိုးလာကာ ပို့ကုန်သွင်းကုန်လုပ်ငန်းသည် ပိုမိုထိရောက် အဆင်ပြေလာပြီး နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေးကို အရှိန်အဟုန်မြှင့်တင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နှင့် ဘရူနိုင်းနှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၃.၀၈)ဘီလီယံသို့ စံချိန်တင်မြင့်တက်ခဲ့ကြောင်း တရုတ်အကောက်ခွန်အာဏာပိုင်များက ထုတ်ပြန်သည့် အချက်အလက်များအရ သိရှိရပါသည်။

အခြေခံအဆောက်အဦများအပြင် အခြားကဏ္ဍများစွာတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ တိုးလာလျက်ရှိပြီး ဘရူနိုင်းနိုင်ငံတွင် တရုတ်စီးပွားရေးလုပ်ငန်းများ ပိုမိုများပြားလာကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထို့အပြင် Pulau Muara Besar (Great Muara Island) တွင် တည်ရှိသည့် တရုတ်နှင့် ဘရူနိုင်းတို့အကြား ဖက်စပ်လုပ်ကိုင်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းသည် ဘရူနိုင်းတွင် အကြီးဆုံးဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ Hengyi Petrochemical Co., Ltd. မှ ရင်းနှီးမြှုပ်နှံထားသည့် ရေနံချက်စက်ရုံနှင့် ရေနံဓာတုဗေဒလုပ်ငန်းစီမံကိန်းသည် ဘရူနိုင်း၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကွင်းဆက်ကို တိုးချဲ့ကာ ဒီဇယ်နှင့် ဓာတ်ဆီကဲ့သို့သော သန့်စင်ပြီးထုတ်ကုန်များ၊ benzene ကဲ့သို့သော ဓာတုပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း၊ စီမံကိန်း၏ ပထမအဆင့်တွင် နှစ်စဉ် ရေနံစိမ်းတန်ချိန် (၈)သန်းကို ချက်လုပ်ပေးနိုင်ကြောင်း သိရှိရပါသည်။

ဘရူနိုင်းနိုင်ငံ၏ သဘာဝအရင်းအမြစ်များ ကြွယ်ဝပြီး တရုတ်နိုင်ငံသည် ကြီးမားသော ဈေးကွက်နှင့် အခြေခံအဆောက်အဦ၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားနယ်ပယ်များတွင် အတွေ့အကြုံများရှိကြောင်း၊ ထို့ကြောင့် တရုတ်နှင့် ဘရူနိုင်းတို့၏ အချင်းချင်း ပေါင်းစပ်ဖြည့်ဆည်းသည့် ပူးပေါင်းဆောင်ရွက်မှုပုံစံသည် အခြားနိုင်ငံများအတွက် နမူနာဖြစ်စေကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20230721/7e60032020e749ec98ed2828592f791f/ c.html
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

……………………………………………………………………………..

## ဒေသတွင်းကုန်သွယ်မှုများ တိုးတက်လာခြင်းကြောင့် အရှေ့တောင်အာရှတွင် တရုတ်အစားအစာများကို ပိုမိုစားသုံးလာ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်နန်နင်းတွင် ဇူလိုင်လဆန်းပိုင်းက ကျင်းပခဲ့သည့် ပဉ္စမအကြိမ် လန်ချန်း-မဲခေါင်စီးပွားရေးဖိုရမ် (5th Lancang-Mekong Business Forum)တွင် တရုတ်နှင့် မြန်မာဘာသာစကားနှစ်မျိုးဖြင့် တံဆိပ်ကပ်ဖော်ပြထားသော အစပ်အရသာဟော့ပေါ့ထုပ်များသည် စိတ်ဝင်စားမှုရရှိခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဟော့ပေါ့ထုပ်အတွက် ကုန်ကြမ်းများကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံချင့်မြို့မှ တင်သွင်းပြီး မြန်မာလူမျိုးများ၏ အရသာနှင့်ကိုက်ညီစေရန် ရန်ကုန်မြို့တွင် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

လွန်ခဲ့သော (၁၀) နှစ်ခန့်မှစ၍ အစပ်အရသာရှိသည့် တရုတ်အစားအစာများသည် မြန်မာနိုင်ငံတွင် ခေတ်စားလာခဲ့ကြောင်းနှင့် တရုတ်လူမျိုးများ၏ အစပ်အရသာဟော့ပေါ့ကို မြန်မာနိုင်ငံတွင် လူကြိုက်များလာပြီးနောက် အဆင့်မြင့်စားသောက်ဆိုင်များတွင် စတင်မိတ်ဆက်ခဲ့ကြောင်း အဆိုပါအစပ်အရသာဟော့ပေါ့ကို ထုတ်လုပ်သူ Sean Yann က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မကြာသေးမီနှစ်များအတွင်း "မာလာ" ဟုခေါ်သည့် အစပ်အရသာရှိသော တရုတ်အစားအစာများသည် အရှေ့တောင်အာရှတွင် နေရာယူလာခဲ့ကြောင်း၊ မာလာအရသာကို မြန်မာစားသုံးသူများ၏ ကြိုက်နှစ်သက်မှု တိုးပွားလာသည်နှင့်အမျှ Yann ၏ ကုမ္ပဏီသည် ၎င်း၏ ဟော့ပေါ့ကို မိတ်ဆက်ရန်အတွက် ပြည်တွင်းရှိ စူပါမားကတ်များနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်း၏ ထုတ်ကုန်များသည် ပြည်တွင်းထုတ်ကုန်များထက် (၁.၅)ဆခန့် ဈေးများသော်လည်း တစ်လလျှင် အထုပ် (၂၀,၀၀၀) မှ (၃၀,၀၀၀)အထိ ရောင်းချနေရဆဲဖြစ်ကြောင်း Yann မှ ပြောကြားခဲ့ပါသည်။

ထို့အတူ ယခုနှစ်အစပိုင်းတွင် တရုတ်နိုင်ငံ၏ e-commerce ပလက်ဖောင်းများဖြစ်သည့် Meituan နှင့် Dianping တို့မှ အချက်အလက်များအရ ထိုင်းနိုင်ငံတွင် "မာလာ" နှင့် "ဟော့ပေါ့" ရှာဖွေမှုများသည် ယခင်နှစ်ထက် (၇၀၀)ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းနှင့် ဘန်ကောက်နှင့် ဖူးခက်ရှိ လူကြိုက်များသော အပန်းဖြေစခန်းများတွင် မာလာအသားကင်နှင့် ဟော့ပေါ့များပါဝင်သည့် စားသောက်ဆိုင်များ ပိုများလာကြောင်း သိရှိရပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းကြောင့် ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့တွင် အတားအဆီးများမရှိတော့သဖြင့် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သည် တိုးလာလျက်ရှိကြောင်း၊ "မာလာ" ကဲ့သို့သော တရုတ်အရသာ အစားအစာများသည် အရှေ့တောင်အာရှသို့ ဝင်ရောက်လာကြောင်း သိရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံတောင်ပိုင်း၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Yulin မြို့ရှိ Yulin International Spice Trading Market တွင် စမုန်နက်နှင့် သစ်ကြံပိုးခေါက်ကဲ့သို့ ဟင်းခတ်အမွှေးအကြိုင်များ တင်ဆောင်ထားသည့် ထရပ်ကား အများအပြားကို မြင်တွေ့ရကြောင်း၊ Yulin တွင် နှစ်စဉ် ဟင်းခတ်အမွှေးအကြိုင်များ၏ ကုန်သွယ်မှုပမာဏသည် တန်ချိန် (၈၀၀,၀၀၀) ခန့်ရှိပြီး ဟင်းခတ်အမွှေးအကြိုင်နှင့် ဆက်စပ်သည့်လုပ်ငန်းများတွင် လူပေါင်း (၁၀၀,၀၀၀)ကျော်ကို အလုပ်ခန့်ထားပေးနိုင်ကြောင်း သိရှိရပါသည်။

Yulin မြို့သည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် အကောင်အထည်ဖော်သည့် အခွင့်အလမ်းကို အမိအရဆုပ်ကိုင်၍ အာဆီယံနိုင်ငံများနှင့် ဟင်းခတ်အမွှေးအကြိုင် ကုန်သွယ်မှုကို စဉ်ဆက်မပြတ်ချဲ့ထွင်ကာ တရုတ် ဟင်းခတ်အမွှေးအကြိုင်များကို အရှေ့တောင်အာရှသို့ ပိုမိုတင်ပို့ရောင်းချခဲ့ကြောင်း သိရှိရပါသည်။

ယခုကျင်းပသည့် ပဉ္စမအကြိမ် လန်ချန်း-မဲခေါင်စီးပွားရေးဖိုရမ်တွင် တရုတ်၊ ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်တို့ အပါအဝင် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်

Agribusiness & Trade

နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ် (၁၀၀)ကျော်သည် စိုက်ပျိုးရေးနှင့် အစားအစာ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

မကြာသေးမီနှစ်များအတွင်း လန်ချန်း-မဲခေါင်အဖွဲ့ဝင်နိုင်ငံများအကြား အခြေခံအဆောက်အဦ ချိတ်ဆက်မှု အားကောင်းလာကာ ထောက်ပံ့ပို့ဆောင်ရေးစနစ်များ တိုးတက်ကောင်းမွန်လာခြင်းနှင့် အတူ အစားအသောက်ဝယ်လိုအား မြင့်တက်လာခြင်း၊ စားသုံးမှုပုံစံများ ပြောင်းလဲလာခြင်းနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းဆိုင်ရာနည်းပညာများ တိုးတက်ကောင်းမွန်လာခြင်း တို့ကြောင့် လန်ချန်း-မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၏ အစားအစာပြုပြင်ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှုသည် ဆက်လက်တိုးတက်လာလျက်ရှိပြီး အနာဂတ်တွင် ပို၍ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မဲခေါင်အင်စတီကျူ၏ အမှုဆောင်ဒါရိုက်တာ Suriyan Vichitlekarn က ဖိုရမ်တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်သူများအနေဖြင့်လည်း မိမိတို့နိုင်ငံမှ ပေါကြွယ်ဝသော ကုန်ကြမ်းများနှင့် တရုတ်နိုင်ငံမှ နည်းပညာနှင့် စက်ကိရိယာများ ပေါင်းစပ်၍ ထုတ်ကုန်သစ်များကို ဆန်းသစ်တီထွင်ထုတ်လုပ်ပြီး ကြီးမားသည့်တရုတ်နှင့် ဒေသတွင်းစားသောက်ကုန်ဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများရှိပါကြောင်း သုံးသပ်ရပါသည်။

Source: https://english.news.cn/20230725/aba2058762bf4a5693f69d10df6504e0/c.html
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

............................................................................................................

## ရုရှား၏ သွင်းကုန်အများစုသည် အာရှ၊ အရှေ့အလယ်ပိုင်း၊ လက်တင်အမေရိကနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထုတ်လုပ်နေခြင်းဖြစ်

အနောက်မှ အရှေ့ဘက်သို့ ရုရှားပို့ကုန်များ၏ ကြီးမားသောအလှည့်အပြောင်းသည် အနောက်နိုင်ငံများ၏ ရုရှားဆန့်ကျင်ရေး ပိတ်ဆို့အရေးယူမှု၏ အဓိပ္ပာယ်မဲ့မှုကို လူတိုင်းအား သက်သေပြခဲ့ကြောင်း၊ ရုရှားနိုင်ငံသို့ သွင်းကုန်များနှင့်ပတ်သက်၍ မတူကွဲပြားသည့် ထုတ်ကုန်အများစုသည် ယခုအခါ အနောက်နိုင်ငံများတွင် ထုတ်လုပ်နေခြင်းမဟုတ်ဘဲ အာရှ၊ အရှေ့အလယ်ပိုင်း၊ လက်တင်အမေရိကနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထုတ်လုပ်နေခြင်းဖြစ်ကြောင်း ရုရှားသိပ္ပံအကယ်ဒမီ၏ အမျိုးသားစီးပွားရေးခန့်မှန်းချက်(The Institute of Economic Forecasting of the Russian

Academy of Sciences – IEF RAS))မှ ဒါရိုက်တာ Mr. Alexander Shirov က RIA သတင်းဌာနသို့ ပြောကြားခဲ့သည်။

ရုရှားပို့ကုန်များကို အရှေ့ဘက်သို့ ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ကမ္ဘာ့စီးပွားရေးသည် များစွာပြောင်းလဲသွားပြီဖြစ်ပြီး နိုင်ငံတကာ ငွေကြေးစီးဆင်းမှုကို အနောက်နိုင်ငံများက ချုပ်ကိုင်ထားဆဲဆိုလျှင် ကုန်သွယ်မှုများ မရှိနိုင်ကြောင်း Shirov က ပြောကြားခဲ့သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများက အထိရောက်ဆုံးသိပ္ပံနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုများကို ထိန်းချုပ်ထားဆဲဖြစ်သော်လည်း ဤနေရာတွင် ၎င်းတို့၏ လက်ဝါးကြီးအုပ်မှုသည် အဆုံးသတ်သွားပြီဖြစ်ကြောင်း Shirov က သုံးသပ်ပြောကြားခဲ့သည်။

အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် ရုရှားနိုင်ငံသည် ၎င်း၏ ပို့ကုန်နှင့် သွင်းကုန်များကို အာရှနိုင်ငံများဘက်သို့ ဦးတည်ပြောင်းလဲမှုများပြုလုပ်လျက်ရှိသဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံသို့ ကုန်စည်များပို့ဆောင်နိုင်ရန် အလားအလာရှိကြောင်း သုံးသပ်ရပါသည်။

Source : https://ria.ru/20230725/sanktsii-1886076229.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

.........................................................................

## ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှု အခွန်ကောက်ခံခြင်းမှ ရုရှားရူဘယ် ၈ ထရီလီယံကျော် ရရှိနိုင်ကြောင်း ရုရှားဘဏ္ဍာရေးဝန်ကြီးပြောကြား

လက်ရှိရေနံဈေးနှုန်းအရ ၂၀၂၃ ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ အခွန်ကောက်ခံခြင်းမှ ရုရှားရူဘယ် ၈ ထရီလီယံကျော်ရရှိနိုင်ကြောင်း ရုရှားဘဏ္ဍာရေးဝန်ကြီး Mr. Anton Siluanov မှ AIF သတင်းဌာနနှင့် အင်တာဗျူးတွင် ပြောကြားခဲ့ပါသည်။

Mr. Anton Siluanov မှ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခန့်မှန်းတွက်ချက်မှုတွင် ယခုနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့အခွန်ကောက်ခံခြင်းမှ ရုရှားရူဘယ် ၈.၉ ထရီလီယံ ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါရရှိနိုင်မည့်ငွေများအနက် ရူဘယ် ၈ ထရီလီယံအား ဘတ်ဂျက်အတွင်း အသုံးပြုရန်ထည့်သွင်းသွားမည်ဖြစ်ပြီး ရူဘယ် ၉၀၀ ဘီလီယံအား အမျိုးသားလူမှုဖူလုံရေးရန်ပုံငွေသို့ လွှဲပြောင်းပေးသွားရန် စီစဉ်ထားကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါအခွန်ရရှိနိုင်ခြင်း ခန့်မှန်းတွက်ချက်မှုသည် ရေနံတစ်စည်လျှင် ဒေါ်လာ ၆၀ နှုန်းအပေါ် အခြေခံ၍ခန့်မှန်းထားခြင်းဖြစ်သည်။ ၎င်းအနေဖြင့် Brent ရေနံများအတွက် တစ်စည်လျှင်

၂၅ ဒေါ်လာအထိ လျှော့ပေးနိုင်ရန် ခန့်မှန်းထားပြီး၊ လက်ရှိတွင် တစ်စည်လျှင် ဒေါ်လာ ၂၀ လျှော့ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ရေနံတင်ပို့မှု အခွန်တွက်ချက်ရာတွင် အခြားအချက်များလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် Brent ရေနံဈေးမှာ တစ်စည်လျှင် ဒေါ်လာ ၈၀ ဖြစ်ပြီး ၂၀ လျှော့ပေးပါက ၆၀ ရောက်ရှိလာမည် ဖြစ်ကြောင်းနှင့် အဆိုပါ တစ်စည်လျှင် ဒေါ်လာ ၆၀ သို့ ရောက်ရှိလာမည့် အခြေအနေပေါ်မူတည်၍ အခွန်ရရှိခြင်းခန့်မှန်းငွေအား တွက်ချက်ထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၎င်းမှ ရေနံဈေးကွက်ကို ထိခိုက်စေနိုင်မည့် ရေနံဈေးအတက်အကျ သိသာစွာပြောင်းလဲမှုများအား ကြိုတင်ခန့်မှန်းတွက်ချက်ရန် အထူးလိုအပ်ကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံအနေဖြင့် ရေနံတင်ပို့ရောင်းချသည့် OPEC အဖွဲ့အစည်းမှ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်ပြောကြားခဲ့သည်။

Source : https://ria.ru/20230725/neft-1886077589.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

……………………………………………………………………………………………………….

Agribusiness & Trade